Myanmar Garment Manufacturers Association

# NEWSLETTER

DECEMBER 2025, ISSUE

**20th Shanghai International Textile Industry Exhibition (ShanghaiTex 2025) သို့ MGMA ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များတက်ရောက်**



**မြန်မာ့အထည်အလိပ် နှင့်စက်ယန္တယား ကုန်စည်ပြပွဲ ၂၀၂၅**





**MGMA နှင့် ပြည်ပအထည်ချုပ်လုပ်ငန်းရှင်များ အသင်း ၄ သင်းတို့၏ ပုံမှန်တွေ့ဆုံနှီးနှောဖလှယ်ပွဲ**

# မာတိကာ

## သတင်းနှင့်လှုပ်ရှားမှုများ                                                                                   စာမျက်နှာ


မြန်မာ့အထည်အလိပ် နှင့်စက်ယန္တယား ကုန်စည်ပြပွဲ ၂၀၂၅ ........................................................ ၂-၉

MGMA နှင့် ပြည်ပအထည်ချုပ်လုပ်ငန်းရှင်များအသင်း ၄ သင်းတို့၏ ပုံမှန်တွေ့ဆုံနှီးနှောဖလှယ်ပွဲ ............ ၁၀

20th Shanghai International Textile Industry Exhibition (ShanghaiTex 2025) သို့ MGMA ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များတက်ရောက် ........................................................ ၁၁

လစဉ် MGMA အလုပ်အမှုဆောင်အစည်းအဝေး ........................................................ ၁၂

စက်ပြင်သင်တန်း အမှတ်စဉ် (၁) ........................................................ ၁၃-၁၄

Occupational Safety & Health Management System In-Factory Training (One Day Training).... ၁၅

အခြေခံမော်တာစက်ချုပ်သင်တန်း အမှတ်စဉ် ( ၂၆၄) ........................................................ ၁၆-၁၇

တစ်ဆင့်မြင့်မော်တာစက်ချုပ်သင်တန်း (အမှတ်စဉ် - ၁၃) ........................................................ ၁၈


## Upcoming Activities

| *No.* | *Descriptions* | *Date* | *Venue* |
|---|---|---|---|
| 1. | OSH In-factory Training, WCC Training | January | Member Factories |
| 2. | " Trainings for Integrated Garment Industry " Seminar | January 9 | MGHRDC |
| 3. | MGMA Strategic Actions Review in 2025 | January 23-25 | Chaung Thar Lodge |

## Membership Update


New Member in December 2025 ........................................................ ၁၉

Membership update as of December 2025 ................................................ ၁၉

# မြန်မာ့အထည်အလိပ် နှင့်စက်ယန္တယား ကုန်စည်ပြပွဲ ၂၀၂၅

မြန်မာ့အထည်အလိပ် နှင့် စက်ယန္တရားကုန်စည် ပြပွဲ (၂၀၂၅) အား ဒီဇင်ဘာလ ၅ - ၆ - ၇ ရက်များတွင် Inya Lake Hotel, Yangon Convention Center (YCC) ၌ ပြုလုပ်ခဲ့သည်။

ကုန်စည်ပြပွဲ ဖွင့်ပွဲအခမ်းအနားနှင့် Panel Discussion ကို ဒီဇင်ဘာလ ၅ ရက်တွင် ပြုလုပ်ခဲ့သည်။ ဖွင့်ပွဲအခမ်းအနားတွင် ပထမဦးစွာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊မြန်မာ့ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ထိန်လင်း မှ အဖွင့်အမှာစကားပြောကြားခဲ့ပြီး တရုတ်သံရုံးမှ Commercial Counselor Mr.Ouyang DaoBing မှ ကြိုဆိုနှုတ်ခွန်းဆက်အမှာစကားပြောကြားခဲ့သည်။




ထို့နောက် UMFCCI ဒု-ဥက္ကဌ ဦးအေးထွန်း မှ အမှာစကားပြောကြားခဲ့ပြီးနောက် Mr. OuYan DaoBing ( Commercial Counselor of Chinese Embassy), ဒေါက်တာထိန်လင်း ( ညွှန်ကြားရေးမှူးချုပ် - မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)၊ ဦးအေးထွန်း ( UMFCCI ၏ ဒု-ဥက္ကဌ)၊ Mr. Yu Xu (Deputy Director of China Chamber of Commerce for Import and Export of Textiles ( CCCT )) , Mr. Dato Sri Tan Thian Poh (Chief Delegate of ASEAN Federation of Textile Industries ( AFTEX )) ဦးမြင့်စိုး ( MGMA ၏ ဥက္ကဌ)၊ ဒေါ်ခိုင်ခိုင်နွယ် ( MGMA ၏ အထွေထွေ အတွင်းရေးမှူး)၊ Mr. Albert Tan (Chairman of AFTEX), Mr. San Khun, Chairman of Chinese Textile and Garment Association တို့မှ LED Screen Touching ဖြင့် ကုန်စည်ပြပွဲအား ဖွင့်လှစ်ပေးခဲ့ပြီး အမှတ်တရစုပေါင်း ဓာတ်ပုံများရိုက်ကူးကာ ပြပွဲသို့ လှည့်လည်လေ့လာကြည့်ရှုခဲ့ကြသည်။







Dr.Htein Lin delivering opening speech




Mr.Ouyang Dao Bing giving welcome remarks




U Aye Tun giving greeting message













နေ့လယ်ပိုင်းတွင် Future Focus: Strengthening Intra-ASEAN trade in the Apparel Supply Chain ခေါင်းစဉ်ဖြင့် Panel Discussion ကို ပြုလုပ်ခဲ့သည်။ Panel Discussion အား Ms.Regina Leong မှ Moderator အဖြစ် ဦးဆောင်ခဲ့ပြီး Panelist များ အဖြစ် ဒေါ်ခိုင်ခိုင်နွယ် , Mr. Albert Tan Kim Teck, Mr. Setthapong Srisuphonvanij, Daw Khine Khine Nwe, Professor Bin Shen, Mr. Dato Sri Tan Thian Poh တို့မှ အမေးအဖြေကဏ္ဍများဖြင့် ဆွေးနွေးခဲ့ကြသည်။















ဒီဇင်ဘာလ ၆ ရက်တွင် ဖျော်ဖြေရေးအစီအစဉ်များအဖြစ် မြန်မာတိုင်းရင်းသားရိုးရာ ဝတ်စုံပြပွဲနှင့် တိုင်းရင်းသားရိုးရာအကများ၊ အာဆီယံ-မြန်မာ ချစ်ကြည်ရေးပြပွဲတွင် မြန်မာ၊ မလေးရှား၊ ထိုင်း၊ ကမ္ဘောဒီးယား၊ တရုတ်၊ နိုင်ငံများ အသီးသီးမှ မဟာဗျူဟာ ပန်းတိုင်များကို ဖတ်ကြားခဲ့ကြသည်။ ထို့နောက် ပုသိမ်ထီးအကအလှများ၊ Made in Myanmar ဖက်ရှင်ရှိုးများဖြင့် ဖျော်ဖြေခဲ့ပြီး ဖျော်ဖြေရေးအဖွဲ့များအား ဂုဏ်ပြုပန်းစည်း ပေးအပ်ခဲ့သည်။



































EXHIBITION MYANMAR
FAIR
CTGA




Clothing Distribution
Collection















ဒီဇင်ဘာလ (၇)ရက်နေ့တွင်ပြုလုပ်သည့် ဟောပြောပွဲများတွင် Swiss Contact မှ MSMEs အထည်အလိပ်ဆိုင်ရာ သိကောင်းစရာများကိုလည်းကောင်း၊ Myanmar Citizens Bank (MCB), Method Apparel Consultancy တို့မှ ၎င်းတို့၏ ဝန်ဆောင်မှုများနှင့် မြန်မာ့အထည်ချုပ်လုပ်ငန်းနှင့်ပတ်သက်သည့် စီမံကိန်းရေးဆွဲခြင်းများကို တင်ပြခဲ့ပါသည်။ ညနေပိုင်းအစီအစဉ်တွင် fabrics, accessories, machinery နှင့် printing machine များလာရောက်ပြသကြသည့် Exhibitor များဖြင့် Business Matching များ ပြုလုပ်ခဲ့ကြသည်။






























ပြပွဲသို့ လာရောက်သူများအနေဖြင့်လည်း သက်ဆိုင်ရာပြခန်းများမှ ကိုယ်စားလှယ်များနှင့် တိုက်ရိုက်ဆက်သွယ်နိုင်မည့် အခွင့်အရေးများရရှိခဲ့ပြီး လုပ်ငန်းပိုင်းဆိုင်ရာများတွင်လည်း အကျိုးတူပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်နိုင်ခဲ့ကြသည်။ မြန်မာနိုင်ငံ နှင့် တရုတ်နိုင်ငံတို့အကြား စီးပွားရေး ဆိုင်ရာဆက်ဆံရေးများ၊ အလားအလာရှိသည့် စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ ရေရှည်ပြုလုပ်နိုင်ရန်နှင့် မြန်မာနိုင်ငံ အထည်ချုပ် ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန် ရည်ရွယ်ကာ မြန်မာ့အထည်အလိပ်နှင့် စက်ယန္တရား ကုန်စည်ပြပွဲ ၂၀၂၅ အားကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်သည်။ ပြပွဲ ၃ ရက် တာ ကာလအတွင်း တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံမှ အထည်ချုပ်၊ အထည်အလိပ်နှင့် အထည်အလိပ် စက်ပစ္စည်းများကို အရောင်းပြခန်းပေါင်း (၁၀၀) ကျော် တွင်လာရောက်ပြသခဲ့ပြီး ပြပွဲတွင် လာရောက်ကြည့်ရှုသူ (၁၀၀၀) ကျော်ရှိကြောင်း သိရသည်။

















# MGMA နှင့် ပြည်ပအထည်ချုပ်လုပ်ငန်းရှင်များအသင်း ၄ သင်းတို့၏ ပုံမှန်တွေ့ဆုံနှီးနှောဖလှယ်ပွဲ



မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်းနှင့် မြန်မာနိုင်ငံရှိ ပြည်ပအထည်ချုပ်လုပ်ငန်းရှင်များအသင်း ၄ သင်းတို့၏ ပုံမှန်တွေ့ဆုံနှီးနှောဖလှယ်ပွဲ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက် တွင် Lanting Creative Restaurant ၌ Hong Kong Myanmar Manufacturers’ Association Limited (HKMMA) မှကြီးမှူးကာ ပြုလုပ်ခဲ့သည်။

တွေ့ဆုံပွဲတွင် အသင်း ၅ သင်းမှ လက်ရှိ မြန်မာ့အထည်ချုပ်လုပ်ငန်းကဏ္ဍ၏ လက်ရှိအခြေအနေများကိုဆွေးနွေးခဲ့ကြသည်။ တွေ့ဆုံပွဲသို့ MGMA ၏ ဥက္ကဋ္ဌ၊ အထွေထွေအတွင်းရေးမှူးနှင့် ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်များ၊ Korea Garment Association in Myanmar (KOGAM), Japan Garment Manufacturers Association in Myanmar (JGMA), Chinese Textile & Garment Association in Myanmar (CTGA) နှင့် Hong Kong Myanmar Manufacturers’ Association Limited (HKMMA) တို့မှ တာဝန်ရှိလူကြီးမင်းများ တက်ရောက်ခဲ့ကြသည်။

# 20th Shanghai International Textile Industry Exhibition (ShanghaiTex 2025) သို့ MGMA ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များတက်ရောက်



မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း (MGMA) ၏ ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များ သည် ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၆ ရက်နေ့တွင် ရှန်ဟိုင်းမြို့၌ ကျင်းပခဲ့သော 20th Shanghai International Textile Industry Exhibition (ShanghaiTex 2025) သို့တက်ရောက်ခဲ့သည်။ MGMA အလုပ်အမှုဆောင်အဖွဲ့ဝင်သည် Shanghai New International Expo Center, East Hall ရှိ VIP Lounge တွင် ပြုလုပ်သည့် Exhibition Tour, စီးပွားရေးဆိုင်ရာ တွေ့ဆုံဆွေးနွေးပွဲများ နှင့် 20th Gratitude – Client Night အခမ်းအနားများသို့ တက်ရောက်ခဲ့ပြီး နိုင်ငံတကာရှိအထည်ချုပ် လုပ်ငန်းခေါင်းဆောင်များနှင့်ဆက်ဆံရေးတိုးမြှင့်ကာအထည်ချုပ်နှင့် အထည်အလိပ်ကဏ္ဍ အတွင်း နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုခိုင်မာအောင် လုပ်ဆောင်ခဲ့ပါသည်။









# လစဉ် MGMA အလုပ်အမှုဆောင်အစည်းအဝေး


လစဉ်ပုံမှန်ပြုလုပ်လျက်ရှိသော MGMA အလုပ်အမှုဆောင် အစည်းအဝေးကို ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက် တွင် MGMA အစည်းအဝေးခန်း၌ပြုလုပ်ခဲ့သည်။



အစည်းအဝေးအား MGMA ၏ တွဲဖက်အတွင်းရေးမှူး မှ အစီအစဉ်အတိုင်းဆောင်ရွက်ခဲ့ပြီး အလုပ်အမှုဆောင်များမှ Myanmar Textile and Machinery Fair 2025 နှင့်ပတ်သက်သည့် အကြံပြုချက်များ၊ ရှန်ဟိုင်းတွင်ပြုလုပ်မည့် Shanghaitex နှင့် BOK software training များ, MGMA နှင့် People's Republic of China and owner of Prince Edward Road Management Company Limited (PERM) of HKSAR တို့အကြား Honorary Advisor အဖြစ်ခန့်အပ်ရန် ကိစ္စရပ်များ၊ ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလ ၂၆ ရက်မှ ၂၈ ရက်ထိပြုလုပ်မည့် 2026 Vietnam International Trade Fair for Apparel, Textiles and Textile Technologies (VIATT) သို့သွားရောက်မည့် Buyer Delegation Program ဆိုင်ရာကိစ္စရပ်များ၊ Working Group ၏လုပ်ငန်းဆောင်တာများကိုဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးသို့ MGMA ၏ ဥက္ကဋ္ဌ၊ ဒု-ဥက္ကဋ္ဌများ၊ အထွေထွေအတွင်းရေးမှူး နှင့် ဗဟိုအလုပ်အမှုဆောင်/အလုပ်အမှုဆောင်အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။





# စက်ပြင်သင်တန်း အမှတ်စဉ် (၁)



MGHRDC နှင့် JUKI SINGAPORE PTE LTD မှကြီးမှူး၍ စက်ပြင်သင်တန်း အမှတ်စဉ် (၁) ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၁၆ ရက်မှ ၂၀ ရက်ထိ မြန်မာနိုင်ငံအထည်ချုပ်လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး စင်တာ (MGHRDC) ၌ မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း (MGMA) ၏ပံ့ပိုးမှုဖြင့် ပြုလုပ်ခဲ့သည်။

MGMA ၏ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးရဲခန့်၊ အလုပ်အမှုဆောင် အဖွဲ့ဝင် ဒေါ်နှင်းသက်မွန်နှင့် JUKI မှ Technician ဦးအောင်မင်းဦး တို့မှ အဖွင့်အမှာစကား ပြောကြားကာ သင်တန်းကိုစတင်ခဲ့သည်။

သင်တန်းတွင် JUKI မှ ဆရာများမှ Single Needle Auto Machine Scale, Over Lock Scale, Two Needle Lockstitch Scale များကို လက်တွေ့ပြုလုပ်ခြင်းများဖြင့် သင်ကြားခဲ့သည်။

MGMA ၏ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးထွန်းထွန်း၊ အလုပ်အမှုဆောင် အဖွဲ့ဝင် ဒေါ်နှင်းသက်မွန်နှင့် JUKI မှ Mr.Nagaraj တို့မှ သင်တန်းအပိတ်အမှာစကား ပြောကြားခဲ့သည်။ သင်တန်းသို့ အဖွဲ့ဝင်စက်ရုံများမှ သင်တန်းသား (၂၄) ဦး တက်ရောက်ခဲ့ပြီး သင်တန်းဆင်းလက်မှတ်များပေးအပ်ချီးမြှင့်ခဲ့သည်။





CEC of MGMA U Ye Khant, EC of MGMA Daw Hnin Thet Mon and Technician from Juki U Aung Min Oo giving opening remarks





Mr. NAGARAJ from JUKI and CEC of MGMA, U Tun Tun, giving closing remarks



Practice Session



Practice Session



Practice Session




Awarding Certificate




Awarding Certificate



Awarding Certificate




Awarding Certificate



Awarding Certificate

# Occupational Safety & Health Management System In-Factory Training (One Day Training)



မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း (MGMA) မှကြီးမှူး၍ Occupational Safety & Health Management System (OSH) Training (တစ်ရက်တာသင်တန်း) ကို ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက်တွင် Guston Amava Co.,Ltd ၌ ပြုလုပ်ခဲ့သည်။

OSH သင်တန်းတွင် MGMA ၏အလုပ်သမားရေးရာ အရာရှိများမှ Basic concepts of Occupational Safety and Health, Occupational Safety and Health Laws, Roles & Responsibilities, Workplace Hazards and Prevention in Garment Industry, Risk Management System, Occupational cleanliness and waste management, Occupational safety and Health Management System, Emergency Preparedness, Fire Safety, Electrical Safety, Chemical Safety, Occupational Health Hazards and ways to prevent, Building Good habits/Practices & Auditing များကိုအဖွဲ့လိုက်ဆွေးနွေးမှုများ၊ အမေး အဖြေကဏ္ဍများဖြင့် သင်ကြားပြသပေးခဲ့သည်။

သင်တန်းသို့ Guston Amava Co., Ldt နှင့် Amava Apparel Ltd မှ ဝန်ထမ်း (၂၀) ဦးမှ တက်ရောက်ခဲ့ပြီး သင်တန်းဆင်း လက်မှတ်များကို MGMA မှ ပေးအပ်ချီးမြှင့်ခဲ့သည်။













# အခြေခံမော်တာစက်ချုပ်သင်တန်း အမှတ်စဉ် (၂၆၄)



**Batch – 264 Group Photo**

**မြန်**မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း (MGMA)မှကြီးမှူးပြီး အခြေခံမော်တာစက်ချုပ်သင်တန်း အမှတ်စဉ် (၂၆၄) ကို ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက်မှ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက်ထိ မြန်မာနိုင်ငံအထည်ချုပ် လုပ်ငန်းလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေး စင်တာ (MGHRDC) ၌ပြုလုပ်ခဲ့သည်။

အစိုးရနည်းပညာအထက်တန်းကျောင်း (ရွာမ) မှ ကျောင်းအုပ် ကြီး ဦးဇေယျာအောင် မှ အဖွင့်အမှာစကားနှင့် အပိတ်အမှာစကားကို ပြောကြားခဲ့သည်။ သင်တန်းတွင် အထည်ချုပ်လုပ်ခြင်း ဆိုင်ရာတွင်သိသင့်သိထိုက်သည့် ဗဟုသုတများ၊ ချုပ်နည်းအဆင့်ဆင့်များကို လက်တွေ့သင်ကြားမှုများဖြင့် သင်ကြားပေးခဲ့ပြီး MGMA မှအလုပ်သမားဥပဒေဆိုင်ရာ သိကောင်းစရာများနှင့် လိင်ပိုင်းဆိုင်ရာအမြတ်ထုတ်မှုနှင့်အလွဲသုံးစားမှု ကာကွယ်ခြင်းဆိုင်ရာ ဗဟုသုတများကို ရှင်းလင်းပြောကြားပေးခဲ့သည်။ ထို့အပြင် IOM မှ ရွှေ့ပြောင်းအလုပ်သမား ဆိုင်ရာသိကောင်းစရာများကိုလည်း ဝေမျှပေးခဲ့သည်။ သင်တန်းသား (၂၉) ယောက်တက်ရောက်ခဲ့ကာ သင်တန်းဆင်း လက်မှတ်များပေးအပ်ခဲ့သည်။



**Principle of GTHS giving opening Remarks**




**MGMA presenting PSEA Training**



**MGMA conducting Labor Law Awareness**



**Safe Migration Seminar by IOM**





**Practice Session**

**Trainer of MGHRDC presenting Sewing Method**






**Practice Session**

**Practice Session**





**Awarding Certificate**

# တစ်ဆင့်မြင့်မော်တာစက်ချုပ်သင်တန်း (အမှတ်စဉ် - ၁၃)



မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း (MGMA) မှကြီးမှူးပြီး တစ်ဆင့်မြင့်မော်တာစက်ချုပ်သင်တန်း (သင်တန်းအမှတ်စဉ် - ၁၃) ကို ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်မှ ၁၂ ရက်ထိ မြန်မာနိုင်ငံအထည်ချုပ်လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးစင်တာ (MGHRDC) ၌ပြုလုပ်ခဲ့သည်။

သင်တန်းတွင် MGHRDC သင်တန်းကျောင်းမှ ဆရာမများက အထည်တစ်ခု၏ အစိတ်အပိုင်းများဖြစ်သော (အိတ်ဖုံး၊ ခရုပတ်၊ ပုခုံးဒေါက်၊ အိတ်ကပ်၊ ဖေါက်အိတ်ပုံစံအမျိုးမျိုး၊ ရိုးရိုးဇစ်တပ်နည်း၊ ဇစ်ပျောက်တပ်နည်း၊ ကျားဝတ်ဂျာစီ ( သဘော်သား လျှာချုပ်နည်း)၊ ရှပ်အင်္ကျီလက်ရှည်တစ်ထည်လုံးချုပ်နည်း၊ ခါးပတ်ပါတဲ့ A Skirt တစ်ထည်လုံးချုပ်နည်း များကိုသင်ကြား ပေးသွားမည့် အပြင် အထူးစက်ချုပ်သင်တန်း (၆) မျိုးဖြစ်သော ကြယ်သီးဖောက်စက်အသုံးပြုနည်း၊ ကြယ်သီးတပ်စက် အသုံးပြုနည်း၊ Bartack Machine, Overlock 4 thread, Overlock 5 thread, 2 Needle များကို သင်ကြားပေးခဲ့သည်။ လက်တွေ့လုပ်ဆောင်မှုများပါဝင်သည့်သင်တန်းသို့ သင်တန်းသား (၈) ဦးတက်ရောက်ခဲ့သည်။
















# MEMBERSHIP UPDATE

New Members in December 2025

| Country | No. of New Member Factories |
|---|---|
| Myanmar | 1 |
| Taiwan | 1 (Nov) |
| **Total** | 2 |

Membership Update as of December 2025

| Status | Country | No. of Factories |
|---|---|---|
| Active | Myanmar | 70 |
| | China | 355 |
| | Korea | 55 |
| | Japan | 16 |
| | Others | 18 |
| | Joint Venture | 25 |
| | Local, Sub-Con, Marketing, Inspection, Textile | 49 |
| Total (Active) | | 588 |
| Temporary Closed | | 67 |